Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




ရောဝတီ သတင်းဌာနမှ ရိုက်ကူးပြီး အေအေပီပီမှ ဇူလိုင်လ ၁၄ ရက်နေ့တွင် အသုံးပြု

## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၁၂၀ ဆက်လက်ထိန်းသိမ်းခံနေရပြီး၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၄၄၈ ဦးတို့သည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပါသည်။

# ဇူလိုင်လ ၂၀၁၅ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

ယခုလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ စုစုပေါင်း ၃၁ ဦး တရားစွဲဆိုခံရပြီး ထို ၃၁ ဦးထဲမှ ၁၆ ဦးသည် လက်ရှိအချိန်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရပါသည်။ နိုင်ငံရေး လှုပ်ရှားသူ ၂၁ ဦးထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး နိုင်ငံရေးအကျဉ်းသား ၁၇ ဦး ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသား ၅ ဦးမှာ ကျန်းမာရေးဆိုးဝါးလျက်ရှိကြောင်း သိရှိရပါသည်။

ကျန်းမာရေး ဆိုးဝါးလျက်ရှိသည်ဟု သတင်းရရှိသူများထဲတွင် အမျိုးသားပညာရေးဥပဒေကို ဆန့်ကျင်ဆန္ဒပြခဲ့ကြ၍ အကြမ်းဖက်ဖြိုခွဲခြင်းခံခဲ့ရကာ သာယာဝတီထောင်တွင် ထိန်းသိမ်းခံထားရသည့် ကျောင်းသားများ ပါဝင်ပါသည်။ ဇူလိုင်လအတွင်းတွင် ဆန္ဒပြကျောင်းသားနှင့် ဝန်းရံပြည်သူ စုစုပေါင်း ၁၄ ဦးကို အာမခံဖြင့်လွှတ်ပေးခဲ့ပြီး ၆၃ ဦးထိန်းသိမ်းခံနေရဆဲဖြစ်သည်။ လက်ကျန်ထိန်းသိမ်းခံနေရဆဲ ကျောင်းသားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ပြင်ပဆရာဝန်နှင့် ပြသခွင့်ရရှိရန်အတွက် တရားရုံးသို့တောင်းဆိုချက် တင်သွင်းကြရန် ကျောင်းသားများက ၄င်းတို့၏ မိဘများကို ယခုလ အစောပိုင်းကတိုက်တွန်းခဲ့ကြပါသည်။

မြန်မာအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် မတ်လ ၁၀ ရက် လက်ပံတန်းကျောင်းသားသပိတ် ဖြိုခွင်းခံရစဉ်က ပါဝင်ခဲ့သည့် ကျောင်းသားများနှင့် ဇူလိုင်လ ၂၇ ရက်နေ့ တွင် တွေ့ဆုံခဲ့သည်။ သပိတ်ဖြိုခွင်းခံရမှုတွင် ပါဝင်ခဲ့သူများ၏ သက်သေခံ ထွက်ဆိုချက်များနှင့် အာဏာပိုင်များ၏ တရားဥပဒေမဲ့လူမဆန်စွာ ပြုမူ ချက်များပါဝင်သော အမှုတစ်ခုကို လူ့အခွင့်အရေးကော်မရှင်တွင် ကျောင်းသားများက အမှုဖွင့်ခဲ့ကြသည်။ ရာဇသတ်ကြီးပုဒ်မဖြင့် ကျောင်းသားများအပေါ် တရားစွဲခြင်းကိုလည်း ကျောင်းသားများက ကန့်ကွက်ခဲ့ကြသည်။ ဒီမိုကရေစီပညာရေး ဦးဆောင်ကော်မတီ၏ အဆိုအရ ငြိမ်းချမ်းစွာ ဆန္ဒပြမှုအပေါ်တွင် မလိုအပ်ဘဲ အကြမ်းဖက်ဖြိုခွင်းရန် အမိန့်ပေးညွှန်ကြားခဲ့သည့် အာဏာပိုင်များကို တရားစွဲဆိုရန် ကော်မတီတွင်ပါဝင်သည့်ကျောင်းသားများက စီစဉ်လျက်ရှိသည်ဟုသိရသည်။

ဇူလိုင် ၈ ရက်နေ့တွင် ကာလရှည်စောင့်ဆိုင်းခဲ့ရသော အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သည့် ကြေညာချက်လည်းထွက်ပေါ်လာခဲ့သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၆၄၄ ဦး အစရှိသဖြင့် စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၁၁၄၂ နေရာအတွက် ၂၀၁၅ နိုဝင်ဘာ ၈ ရက်နေ့တွင်ရွေးကောက်ပွဲကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၂၉ နေရာအတွက်ကိုမူ တိုင်းရင်းသားကိုယ်စားလှယ်များကို ခန့်အပ်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပမည့်ရက် ကြေညာလိုက်ခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ စစ်တပ်ကျောထောက်နောက်ခံရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အမတ်များအပါအဝင် လွှတ်တော်အမတ်များထံသို့ နိုင်ငံရေးအကျဉ်းသားများအားလုံးကိုရွေးကောက်ပွဲမတိုင်ခင်လွှတ်ပေးရန်အတွက် တောင်းဆိုပေးကြရန် တိုက်တွန်းသည့် စာတစ်စောင်ပေးပို့ခဲ့ပါသည်။

ထို့အပြင် ပြည်ထဲရေးဒုတိယဝန်ကြီးက နိုင်ငံရေးအကျဉ်းသားစကားရပ်အပေါ်အဓိပ္ပာယ်ဖွင့်ဆိုရန်မှာ အခြေခံဥပဒေနှင့်မကိုက်ညီသောကြောင့် အဓိပ္ပာယ်ဖွင့်ဆိုရန်မရှိကြောင်း လွှတ်တော်တွင် တရားဝင်ငြင်းဆိုခဲ့ပြီး အခြားသောအကျဉ်းသားများနှင့်မခွဲခြားဘဲ တစ်တန်းတစားတည်းသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်မှ ဝန်ကြီး၏ထုတ်ပြန်ပြောဆိုချက်နှင့်ပတ်သက်၍ “အစိုးရကိုယ်တိုင်က နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကိစ္စဆောင်ရွက်ဖို့အတွက် အဖွဲ့ဖွဲ့ပေးထားတယ်။ အခုပြည်ထဲရေးဒုဝန်ကြီးက နိုင်ငံရေးအကျဉ်းသားဆိုတဲ့အဓိပ္ပာယ်ကို ငြင်းဆန်ခဲ့တဲ့အတွက် ဒါဟာ ရှေ့နောက်မညီညွတ်ဘူးလို့ ကျွန်မထင်ပါတယ်” ဟု အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာကို ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုလနှောင်းပိုင်းဖြစ်သည့် ဇူလိုင် ၃၀ ရက်နေ့တွင် နိုင်ငံခြားသားအကျဉ်းသား ၂၁၀ ဦးအပါအဝင် အကျဉ်းသား ၆၉၆၆ ဦး ကို သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန် ကြေညာခဲ့သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ပထမဆုံးထုတ်ပြန်ခဲ့ခြင်းဖြစ်သည့် ထိုလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူများထဲတွင် နိုင်ငံရေးအကျဉ်းသား(၁၃) ဦးသာ ပါဝင်ခဲ့ကြောင်းလည်း သိရှိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# ထိန်းသိမ်းခံရခြင်းများ

**သင့်မြတ်လိုသူများအဖွဲ့မှ အဖွဲ့ဝင်သုံးဦး ဖမ်းဆီးခံရ**

ယခုလတွင် သင့်မြတ်လိုသူများ အဖွဲ့မှ အဖွဲ့ဝင်သုံးဦးဖြစ်ကြသည့် ကိုဇော်ဇော်လတ်၊ မပွင့်ဖြူလတ်နှင့် ကိုဇော်ဝင်းဘိုတို့ သုံးဦး ဖမ်းဆီးခံခဲ့ရပါသည်။ သင့်မြတ်လိုသူများအဖွဲ့သည် ဘာသာပေါင်းစုံမှ အဖွဲ့ဝင်များ စုပေါင်းပြီး၊ အထူးသဖြင့် ဗုဒ္ဓဘာသာနှင့် မူဆလင်ဘာသာများအကြား ညှိနှိုင်းဆွေးနွေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကိုဇော်ဇော်လတ်သည် ၂၀၁၃ ခုနှစ်တွင် ပဋိပက္ခဖြစ်ပွါးနေသည့် ကချင်ပြည်နယ်သို့ သွားစဉ်အတွင်း ရိုက်ထားသည့် သေနတ်ကိုင်ဆောင်ထားသည့် ဓါတ်ပုံအား အင်တာနက်စာမျက်နှာပေါ်တွင် တင်ခဲ့သည့်အတွက် ဇူလိုင်လ ၁၄ ရက်နေ့တွင် အရပ်ဝတ်ရဲများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပါသည်။ မပွင့်ဖြူလတ်သည် သူမ၏လုပ်ဖေါ်ကိုင်ဖက် ကိုဇော်ဇော်လတ်အကြောင်းနှင့် စပ်လျဉ်းပြီး မေးမြန်းရန် ဆင့်ခေါ်ခံရပြီးနောက် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။ ၄င်းတို့နှစ်ဦးသည် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ထိန်းချုပ်နယ်မြေရှိ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များအား ကူညီရန် ထိုနယ်မြေသို့ အခြား သင့်မြတ်လိုသူများ အဖွဲ့ဝင်များနှင့် သွားရောက်ခဲ့သည့်အတွက် တရားမဝင်အသင်းအဖွဲ့နှင့် ဆက်သွယ်မှု ပုဒ်မ ၁၇ (၁) ဖြင့် တရားရင်ဆိုင်နေရပါသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် အိန္ဒိယနိုင်ငံရှိ မီဇိုရန်ပြည်နယ်သို့ သွားရောက်ခဲ့သည့်အတွက်လည်း တရားမဝင်နယ်စပ်ဖြတ်ကျော်မှု အက်ဥပဒေ ပုဒ်မ ၁၃(၁) ဖြင့်လည်း တရားရင်ဆိုင်နေရပါသည်။ အဖွဲ့ဝင်များအားလုံးသည် ခရီးစဉ်အတွင်းရိုက်ခဲ့သည့် ဓါတ်ပုံများအား ဖေ့စ်ဘွတ်စာမျက်နှာထက်တွင် တင်ခဲ့ကြခြင်းဖြစ်သည်။ ကိုဇော်ဇော်လတ်၊ မပွင့်ဖြူလတ်တို့နှင့်အတူ မီဇိုရန်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ကိုဇော်ဝင်းဘိုသည်လည်း ဇူလိုင်လ ၃၀ ရက်နေ့တွင် ထပ်မံဖမ်းဆီးခံခဲ့ရပါသည်။ ထို ၃၀ ရက်နေ့တွင်ပင် သင့်မြတ်လိုသူများ အဖွဲ့ဝင် နောက်ထပ်သုံးဦးနှင့် ဘုန်းကြီးတစ်ပါး ဖမ်းဆီးဝရမ်း ထုတ်ပြန်ခြင်းခံခဲ့ရပါသည်။ သင့်မြတ်လိုသူများအဖွဲ့မှ ဖမ်းဆီးခံထားရသူ သုံးဦးအား မန္တလေးမြို့ရှိ အိုးဘိုအကျဉ်းထောင်တွင် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**နိုင်ငံရေးလှုပ်ရှားသူ စုစုနွေး ကျူးကျော်မှုဖြင့် တရားစွဲခံရ**

လယ်မြေ ၁၀၀၀ ဟက်တာအား စစ်တပ်မှ သိမ်းဆည်းခြင်းကို ခံခဲ့ရသည့် လယ်သမားတို့ကို ထောက်ခံကူညီခဲ့သည့်အတွက် နိုင်ငံရေးလှုပ်ရှားသူ မစုစုနွေးအား ကျူးကျော်မှုဖြင့် ပဲခူးတိုင်း အင်းတကော်မြို့နယ်တွင် ဇူလိုင်လ ၂၃ ရက်နေ့၌ ရဲများမှ ဖမ်းဆီးခဲ့ပါသည်။ ထိုလယ်မြေသိမ်းဆည်းခံရမှုနှင့်စပ်လျဉ်းပြီး မစုစုနွေးသည် ၂၀၁၃ ခုနှစ်မှစ၍ ကူညီလုပ်ဆောင်ပေးခဲ့ပြီး၊ လယ်သမားများ၏ တောင်းဆိုမှုများအား သုံးသပ်ရန်နှင့် လယ်သမားများကိုယ်စား အာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးရန်တို့အတွက် ထိုနယ်မြေသို့ အကြိမ်ကြိမ်သွားရောက်ခဲ့ပါသည်။ ဖွန်လအစောပိုင်းတွင် ထိုအမှုနှင့်ပတ်သက်ပြီး အမှုဖွင့်ထားကြောင်း ရဲများမှ အကြောင်းကြားခဲ့ပြီး၊ တရားရုံးသို့လာရောက်ရန် ဆင့်ခေါ်ခဲ့သော်လည်း မစုစုနွေးမှ တရားရုံးသို့ တက်ရောက်ရန် ပျက်ကွက်ခဲ့ပါသည်။ မစုစုနွေး၏ခင်ပွန်းဖြစ်သူ ကိုကျော်ကျော်ထွေးမှ ထိုတရားစွဲမှုသည် နိုင်ငံရေးအရ လုပ်ဆောင်ခြင်းသာ ဖြစ်ကြောင်း "၂၀၁၅ ရွေးကောက်ပွဲကလည်း နီးလာတယ်ဆိုတော့ ဒီမိုကရေစီ ထောက်ခံမှုအင်အားကို ချိနဲ့သွားအောင် ရည်ရွယ်ချက်နဲ့ သူ့ကို တရားစွဲတာပါ" ဟု ပြောကြားခဲ့ပါသည်။ သူမ၏တရားရုံးချိန်းအား ဇူလိုင်လ ၂၉ ရက်နေ့တွင် သတ်မှတ်ထားကြောင်းလဲ သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**တစ်ကိုယ်တော်ဆန္ဒပြသူ ဖမ်းဆီးခံရ**

ကိုဖြိုးဝေကျော်၏အမှုနှင့်စပ်လျဉ်းပြီး နေပြည်တော် တရားသူကြီး ဦးဌေးအောင်မှ လာဒ်ငွေတောင်းခံခဲ့သည်ကို မကျေနပ်သည့်အတွက် ကိုဖြိုးဝေကျော်သည် နေပြည်တော်ရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ရှေ့တွင် ဇူလိုင်လ ၂၀ ရက်နေ့၌ တစ်ကိုယ်တော် ဆန္ဒပြခဲ့ပြီး၊ ထို့နောက် ဖမ်းဆီးခံခဲ့ရပါသည်။ ကိုဖြိုးဝေကျော်သည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် တစ်ကိုယ်တော်ဆန္ဒပြမှုအတွက် လည်း ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံခဲ့ရကာ တရားလည်း ရင်ဆိုင်နေရပါသည်။ ၄င်း၏ဇနီး ပြောကြားချက်အရ ကိုဖြိုးဝေကျော်အား ဒေသခံရဲသုံးဦးမှ ဖမ်းဆီးသွားကြောင်း သိရှိရပါသည်။

**ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) အဖွဲ့ဝင် သုံးဦး ဖမ်းဆီးခံရ**

ဇူလိုင်လ ၁၃ ရက်နေ့တွင် DKBA တပ်၏ ဗိုလ်မှူး ၂ ဦးဖြစ်သည့် ဗိုလ်မှူး သရဲနီနှင့် ဗိုလ်မှူးဝေ့ထူး တို့အား မွန်ပြည်နယ် ဘီးလင်းမြို့နယ်ထဲမှ အစိုးရတပ်က ဖမ်းဆီးလိုက်ပါသည်။ စက်္ကာပူတွင် ဆေးကုနေသည့် DKBA ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စောလားဘွယ် ပြန်လာသည့်အတွက် ရန်ကုန်သို့ သွားကြိုရာ လမ်းတွင် ၄င်းတို့ ၂ ဦးအား ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ DKBA အဖွဲ့နှင့် မိသားစုဝင်များမှ ၄င်းတို့ ၂ ဦး ဘာကြောင့် ဖမ်းဆီးခံရသည်၊ ဘယ်နေရာတွင် ထိန်းသိမ်းထားသည်ဆိုသည်နှင့် နှိပ်စက်ညှင်းပန်းခံရမည်ကို စိုးရိမ်လျက်ရှိပြီး အာဏာပိုင်များဖက်မှလည်း ၄င်းတို့အား ဖမ်းဆီးထားခြင်းကို အတည်ပြု ပြောကြားလိုက်ပါသည်။ ထို့အပြင် DKBA အဖွဲ့ဝင်နောက်တစ်ဦးဖြစ်သည့် စောသန်းအောင်လည်း မြဝတီမြို့ DKBA ရုံးတွင် ဖမ်းဆီးခံလိုက်ရကြောင်းနှင့် တရားမဝင်အသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) နှင့် တရားစွဲဆိုထားကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ဆန္ဒပြပွဲကို ရိုက်ကူးထားသည့် ဗွီဒီယိုအခွေ လက်ဝယ်ရှိသည့် တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ**

မိုးကုတ်မြို့နယ် ရေပူကျောင်းတိုက်ဆရာတော် လွတ်မြောက်ရေးအတွက် ဒေသခံတွေရဲ့ ဆန္ဒပြတောင်းဆိုပွဲကို ဗီဒီယိုဖိုင်ရိုက်ကူးပြီး အခွေထုတ်ထားတဲ့ တောင်သူလယ်သမားနဲ့ အလုပ်သမားအရေးဆောင်ရွက်သူ ဦးကျော်ဆွေလတ်ကို လယ်ဝေးမြို့နယ်ရဲစခန်းက ဗီဒီယိုအက်ဥပဒေပုဒ်မ ၃၂ (ခ) နှင့် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းလိုက်ပါသည်။ ဗီဒီယိုအက်ဥပဒေပုဒ်မ ၃၂ (ခ) သည် ဆင်ဆာမပါသော ဗီဒီယိုတိပ်ခွေကို လက်ဝယ်ထားရှိမှုဖြစ်ပြီး ပြစ်မှုထင်ရှားလျှင် အများဆုံး ထောင်ဒဏ် ၃ နှစ် သို့မဟုတ် ငွေဒဏ် ကျပ် တစ်သိန်း ချမှတ်နိုင်ကြောင်း သိရှိရပါသည်။ လက်ရှိအချိန်တွင်

ဦးကျော်ဆွေလတ်အား လယ်ဝေးမြို့နယ် ရဲစခန်းအချုပ်တွင် ဖမ်းဆီးထိန်းသိမ်းထားပြီး လာမယ့် ဩဂုတ်လ ၄ ရက်နေ့တွင် ထပ်မံစစ်ဆေးမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**တိုက်ပွဲဖြစ်ပွါးနေစဉ်အတွင်း ၁၉ နှစ်အရွယ် ကရင်အမျိုးသမီးတစ်ဦး အစိုးရစစ်တပ်၏ ဖမ်းဆီးခံရ**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တွင် အစိုးရစစ်တပ်နှင့် ဒီမိုကရေစီအကျိုးပြု ကရင့်အမျိုးသားတပ်မတော် (DKBA) တပ်တို့ ဇူလိုင်လ ၇ ရက်နေ့၊ နေ့လည် ၂ နာရီ အချိန်၌ တိုက်ပွဲဖြစ်ပွါးခဲ့ပြီး၊ ရွာသား ၁၀၀၀ ခန့် ရွာများမှ ပြောင်းရွှေ့ထွက်ပြေးခဲ့ရကြောင်း သိရှိရပါသည်။ထိုနေ့တွင်ပင် နော်ဘိုကလိုး ကျေးရွာမှ အသက် ၁၉ နှစ်အရွယ် ကရင်အမျိုးသမီးတစ်ဦးဖြစ်သူ နော်ကားဝါးသည် ဖခင်နှင့်အတူ ကောက်ရိတ်နေစဉ် အစိုးရစစ်တပ် ခြေမြန်တပ်ရင်း ၅၄၉ ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရပါသည်။ ရွာသားများအနေဖြင့် သူမအား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရှိကြပဲ၊ သူမ၏ လုံခြုံရေးအတွက် စိတ်ပူနေကြပါသည်။ အထူးသဖြင့် သူမအား စစ်တပ်မှ အဓမ္မပြုကျင့်ပြီး သတ်ပစ်မည်ကို စိုးရိမ်လျက်ရှိပါသည်။

**ရန်ကုန်တက္ကသိုလ်အတွင်း ဆန္ဒပြခဲ့ကြပြီးနောက် ကျောင်းသားခေါင်းဆောင် ၂ ဦး ဖမ်းဆီးခံရ**

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် စစ်တပ်မှ ဆန္ဒပြကျောင်းသားများကို ဖြိုခွဲသတ်ဖြတ်ပြီးနောက် ကျောင်းသားသမဂ္ဂ အဆောက်အဦကိုပါ ဖြိုချဖျက်ဆီးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျရောက်သည့် ထိုနှစ်ပတ်လည်နေ့ အခမ်းအနားအား တက်ရောက်ပြီးနောက် တက္ကသိုလ်များသမဂ္ဂ၏ ခေါင်းဆောင် ၂ ဦးဖြစ်သူ ကိုဇေယျာလွင်နှင့် ကိုပိုင်ဖြိုးမင်းတို့အား အရပ်ဝတ်ရဲများမှ ဖမ်းဆီးသွားခဲ့ကြောင်း သိရှိရပါသည်။ ကိုပိုင်ဖြိုးမင်းအား ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့သော်လည်း ကိုဇေယျာလွင်အား အင်းစိန်အကျဉ်းထောင်အတွင်း ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားပါသည်။ ကိုဇေယျာလွင်သည် တပ်မတော်မှ အမတ်များ လွှတ်တော်မှ နှုတ်ထွက်ပေးပါရန် တောင်းဆိုခဲ့သည့်အတွက် နောက်ထပ်အမှုများနှင့်ပါ တရား ရင်ဆိုင်နေရကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**လွှတ်တော်မှ တပ်မတော်အမတ်များ နှုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည့် ကျောင်းသားခေါင်းဆောင် ၅ ဦး တရားစွဲခံရ**

ကျောင်းသားခေါင်းဆောင် ၅ ဦးဖြစ်သူ ကိုပိုင်ရဲသု၊ ကိုဇေယျာလွင်၊ ကိုနန်းလင်း၊ ကိုမင်းကျော်သူနှင့် ကိုရဲဇာနည်ထွန်းတို့ ၅ ဦးအား ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တရားရုံးတို့မှ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ဇူလိုင်လ ၁ ရက်နေ့တွင် တရားစွဲဆိုလိုက်ပါသည်။ ၎င်းတို့ ၅ ဦးသည် ရန်ကုန်မြို့၌ ဇွန်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် မြန်မာ့လွှတ်တော်မှ တပ်မတော်အမတ်များ နှုတ်ထွက်ပေးပါရန် တောင်းဆိုဆန္ဒပြခဲ့ပြီးနောက် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ ကိုဇေယျာလွင်၊ ကိုပိုင်ရဲသုနှင့် ကိုနန်းလင်းတို့ ၃ ဦးသည် ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ဖြင့်ပါ တရားစွဲဆိုခံခဲ့ ရပြီး၊ ၎င်းတို့သုံးဦးအတွက် ဖမ်းဆီးဝရမ်းအား ဇူလိုင်လ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းတို့သုံးဦးထဲမှ ကိုဇေယျာလွင်နှင့် ကိုပိုင်ရဲသုတို့၏ တရားရုံးချိန်းအား ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင်ခဲ့သော်လည်း ကိုနန်းလင်းသည် လွတ်မြောက်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် ကိုမင်းသုကျော်နှင့် ကိုရဲဇာနည်ထွန်းတို့အားလည်း ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုကြောင်း ရဲများမှ တရားဝင်အကြောင်းကြားခဲ့ပြီး၊ ၎င်းတို့နှစ်ဦးမှ ပန်းဘဲတန်းရဲစခန်းသို့ ဇူလိုင်လ ၂၄ ရက်နေ့၌ လာရောက်ရန် ထိုစာမှ ညွှန်ကြားထားပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ Free Burma Records (အင်္ဂလိပ်)*

**လက်ပံတန်းမြို့တွင် ပြုလုပ်ခဲ့သည့် ကျောင်းသားများ ဆန္ဒပြပွဲနှင့်စပ်လျဉ်းပြီး နောက်ထပ်ကျောင်းသား လေးဦး ဖမ်းဆီးခံရ**

မန္တလေးရတနာပုံတက္ကသိုလ်မှ ကျောင်းသားလေးဦးဖြစ်သော ကိုနိုင်ရဲဝေ၊ ကိုအောင်ဆန်းဦးနှင့် ကိုဂျစ်တူးနှင့် ကိုဉာဏ်လင်းထက်တို့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်း ဆိုင်ရာ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မ ၁၄၃၊ ပုဒ်မ ၁၄၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ) တို့ဖြင့် ဇူလိုင်လ ၁ ရက်နေ့တွင် ဖမ်းဆီးခံလိုက်ရပါသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) အဖွဲ့ဝင်များဖြစ်ကြသော ကျောင်းသားလေးဦးသည် အမျိုးသားပညာရေး ဥပဒေအား ဆန့်ကျင်ဆန္ဒပြကြသည့် လက်ပံတန်းမြို့ ဆန္ဒပြပွဲတွင် ပါဝင်မှု၊ လက်ပံတန်းမြို့တွင် ပြုလုပ်သည့်ကျောင်းသားများ ဆန္ဒပြပွဲ ဖြိုခွင်းမှုအား ဆန့်ကျင်ကြောင်း၊ ၎င်းတို့ကျောင်းနံရံတွင် မှတ်ဆေးများဖြင့် ရေးသားခဲ့ခြင်းတို့ကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ထိုကျောင်းသားလေးဦးအား မန္တလေးမြို့ အိုးဘိုထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

# ထောင်ဒဏ်ချမှတ် ခံရခြင်းများ

## နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ထောင်ဒဏ် ၆ လ ချမှတ်ခံရ

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗ-က-သ) အဖွဲ့ဝင် တစ်ဦးဖြစ်သူ ကိုသန့်ဇင်ထက်အား သဲကုန်းမြို့နယ်ရှိ လယ်မြေသိမ်းခံရသော လယ်သမားများအား ကူညီသည့်အတွက်ဟုဆိုကာ ဇူလိုင်လ ၃၀ ရက်နေ့တွင် ထောင်ဒဏ် ၆ လချမှတ်ခဲ့ပြီး ပေါင်းတည်အကျဉ်းထောင်သို့ ပို့ဆောင်လိုက်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ဆုတောင်းပွဲကျင်းပသည့်အတွက် အမျိုးသမီးနိုင်ငံရေးတက်ကြွလှုပ်ရှားသူ သုံးဦး ထောင်ဒဏ် ချမှတ်ခံရ

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင်၊ မိတ္ထီလာပြည်သူ့အကျိုးဆောင် ကွန်ရက်မှ ဒေါ်မြင့်မြင့်အေး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ခရိုင်သတင်းနှင့်ပြန်ကြားရေးမှ တာဝန်ရှိသူ ဒေါ်ခင်မေစီနှင့် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဒေါ်မေသက်ဦးတို့သုံးဦးအား မည်သူမှ တက်ရောက်ကြားနာခွင့်မရှိသည့် မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် တရားရုံးတွင် ထောင်ဒဏ် လေးလစီ ချမှတ်လိုက်ကြောင်း သိရှိရပါသည်။ လက်ပံတန်းမြို့တွင် ကျောင်းသားများမှ အမျိုးသားပညာရေးဥပဒေအား ဆန့်ကျင်ဆန္ဒပြနေစဉ်အတွင်း အကြမ်းဖက်နှိမ်နင်းမှု မပြုလုပ်ရန် ထိုအမျိုးသမီးသုံးဦးမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဆုတောင်းပွဲပြုလုပ်ပြီး တောင်းဆိုခဲ့ကြသည့်အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထိုကဲ့သို့ ထောင်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ရှေ့နေ ဒေါ်ဟန်ဆုရီမှ ပြစ်ဒဏ်သည် "မမျှတ" ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် မိတ္ထီလာမြို့နယ်ရှိ စစ်တပ်မှ သိမ်းဆည်းခဲ့သည့်မြေများပေါ်တွင် မေလ၌ ထွန်တုံးတိုက်ပွဲ ပြုလုပ်ခဲ့သည့်အတွက်ဟုဆိုကာ ၎င်းတို့သုံးဦးထဲမှ ဒေါ်မြင့်မြင့်အေးအား ကျူးကျော်မှုဖြင့် နောက်ထပ်ထောင်ဒဏ် နှစ်လ ချမှတ်ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*

## နိုင်ငံရေးတက်ကြွလှုပ်ရှားသူလေးဦး နောက်ထပ်ထောင်ဒဏ်များ ချမှတ်ခံရ

ဇူလိုင်လ ၁၀ ရက်နေ့တွင် ကိုနေမျိုးဇင်၊ ဒေါ်နော်အုန်းလှ၊ ကိုသန်းဆွေနှင့် ကိုတင်ထွဋ်ပိုင်တို့လေးဦးအား လက်ပန်းတောင်း ကော့ပါးစီမံကိန်း ဆန္ဒပြမှုအတွင်း သေဆုံးခဲ့ရသည့် ဒေါ်ခင်ဝင်းအမှုအား စုံစမ်းဖော်ထုတ်ပေးရန် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် လသာမြို့နယ်တရားရုံးမှ ပုဒ်မ ၁၈ ဖြင့် နောက်ထပ်ထောင်ဒဏ် လေးလ ချမှတ်လိုက်ပါသည်။ ၎င်းတို့ဆန္ဒပြချီတက်ရာတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့မှ တရုတ်သံရုံးအထိ လမ်းလျှောက်ချီတက်ခဲ့သည့်အတွက် မြို့နယ် ၆ ခု ရဲစခန်းမှ ရဲအရာရှိတို့၏ တရားစွဲဆိုခြင်းကို ခံခဲ့ရပြီး၊ ၎င်းတို့လေးဦးအား စွဲဆိုထား သည့် မြို့နယ် ၆ ခုထဲမှ မြို့နယ် ၄ ခုမှ ထောင်ဒဏ်များ ချမှတ်ပြီး ဖြစ်သည်။ လက်ရှိအချိန်တွင် ကိုနေမျိုးဇင်သည် ထောင်ဒဏ် ၄ နှစ်နှင့် ၈ လ၊ ဒေါ်နော်အုန်းလှသည် ထောင်ဒဏ် ၅ နှစ်နှင့် ၆ လ၊ ဦးဘမြင့်သည် ထောင်ဒဏ် ၂ နှစ်နှင့် ၁၁ လ၊ ကိုတင်ထွဋ်ပိုင်သည် ထောင်ဒဏ် ၅ နှစ်နှင့် ၃ လ၊ ကိုသန်းဆွေသည် ထောင်ဒဏ် ၅ နှစ် အသီးသီး ကျခံနေရကြောင်း သိရှိရပါသည်။ ကျန်ရှိနေသည့် မြို့နယ် ၂ မြို့နယ်အတွက် ဆက်လက်တရားရင်ဆိုင်နေရကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ဆန္ဒပြသူဦးဘမြင့် နောက်ထပ်ထောင်ဒဏ်များ ချမှတ်ခံရ

အင်းစိန်အကျဉ်းထောင်အတွင်း ထောင်ဒဏ်ကျခံနေရသည့် ဦးဘမြင့်အား ကျောက်တံတားမြို့နယ်တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် နောက်ထပ်ထောင်ဒဏ် ၈ လ ချမှတ်လိုက်ပါသည်။ လက်ပန်းတောင်း ကော့ပါးမိုင်းအား ဆန္ဒပြမှုအတွင်း သေဆုံးခဲ့ရသည့် ဒေါ်ခင်ဝင်းအမှုအား စုံစမ်းဖော်ထုတ်ပေးပါရန် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ထောင်ဒဏ် ၄ လ ချမှတ်ခံခဲ့ရခြင်းဖြစ်ပြီး၊ ၂၀၁၂ ခုနှစ်တွင် လက်ပန်းတောင်း ကော့ပါးမိုင်း ဆန္ဒပြသူများအား အာဏာပိုင်များမှ အကြမ်းဖက် ဖြိုခွဲခဲ့မှုအတွင်း ဘုန်းကြီးအချို့ဒဏ်ရာ ရရှိခဲ့သည့်အတွက် နှစ်ပတ်လည် အခမ်းအနား ကျင်းပပြုလုပ်ခဲ့သောကြောင့်နောက်ထပ် ထောင်ဒဏ် ၄ လ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် ဒေါ်ခင်ဝင်း သေဆုံးမှုအား စုံစမ်းဖော်ထုတ်ပေးရန် တောင်းဆိုခဲ့သည့်အမှုအတွက်ပင် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဦးဘမြင့်သည် အခြားနိုင်ငံရေးလှုပ်ရှားသူ လေးဦးတို့နှင့်အတူ နောက်ထပ် ထောင်ဒဏ် ၄ လ ထပ်မံချမှတ်ခံခဲ့ရပါသည်။ လက်ရှိအချိန်တွင် ဦးဘမြင့်သည် အင်းစိန်အကျဉ်းထောင်အတွင်း ထောင်ဒဏ် ၂ နှစ်နှင့် ၁၁ လ ကျခံနေရပြီး၊ မြို့နယ် ၆ မြို့နယ်မှ ပုဒ်မ ၁၈ အမှု ၁၃ ကြိမ်ဖြင့် တရားစွဲဆိုထားသည့်အတွက်လည်း တရားရင်ဆိုင်နေရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## တစ်ကိုယ်တော်ဆန္ဒပြသူ ထောင်ဒဏ် ၂ နှစ် ချမှတ်ခံရ

၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် နိုင်ငံရေးလှုပ်ရှားသူ ကိုဝင်းလှိုင်သည် သာယာဝတီမြို့နယ် တရားရုံးအပြင်ဖက်နှင့် ၎င်းနေထိုင်ရာ ပြည်မြို့တွင် သာယာဝတီအကျဉ်းထောင်အတွင်း ဖမ်းဆီးထားသည့် ကျောင်းသားများနှင့် နိုင်ငံရေးလှုပ်ရှားသူများအား လွတ်ပေးရန် တစ်ကိုယ်တော် ဆန္ဒပြတောင်းဆိုခဲ့သည့်အတွက် ထိုနေ့တွင်ပင် ဖမ်းဆီးခံခဲ့ရပါသည်။ ကိုဝင်းလှိုင်အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မဖြင့် အကြိမ်ပေါင်းများစွာ တရားစွဲဆိုခဲ့ပြီး၊ ဆူပူအောင်လှုံ့ဆော်မှုဖြင့် ထောင်ဒဏ် ၂ နှစ် ယခုလတွင် ချမှတ်လိုက်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

# ထောင်မှလွတ်မြောက်မှုများ

**တရားရင်ဆိုင်နေရသည့် နိုင်ငံရေးလှုပ်ရှားသူ ကျောင်းသူမပိုပို အာမခံဖြင့် လွတ်မြောက်**

၂၀၁၅ ခုနှစ်၊ မတ်လတွင် ပြုလုပ်ခဲ့သည့် ကျောင်းသားဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်မှုကြောင့် တရားရင်ဆိုင်နေရသည့် ကျောင်းသူမပိုပို ဇူလိုင်လ ၃၀ ရက်နေ့တွင် အာမခံဖြင့် လွတ်မြောက်လာကြောင်းနှင့် ဆက်လက်တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**သမ္မတလွတ်ငြိမ်းချမ်းသာခွင့်အတွင်း အနည်းဆုံး နိုင်ငံရေးအကျဉ်းသား ၁၃ ဦး အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်**

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် သတင်းနှင့်ပြန်ကြားရေး ဝန်ကြီးဌာနမှ အကျဉ်းသား ၆၉၆၆ ဦးအား သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းထောင်များမှ လွှတ်ပေးလိုက်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။ ထိုအထဲတွင် အနည်းဆုံးနိုင်ငံရေးအကျဉ်းသား ၁၃ ဦး ပြန်လည်လွှတ်မြောက်ခဲ့ပြီး ထို ၁၃ ဦးထဲတွင် ဘိုင်မွန်းတည့်နေ ဂျာနယ်မှ ဝန်ထမ်းများ ဖြစ်ကြသည့် သတင်းထောက် ကိုကျော်ဇောဟိန်း၊ ကိုဝင်းတင်၊ ကိုသူရအောင်၊ ပိုင်ရှင်ဖြစ်သူ ကိုယဉ်မင်းထွန်းနှင့် ကိုကျော်မင်းခိုင်၊ မြေယာအရေးတက်ကြွလှုပ်ရှားသူ ဦးစိန်သန်း၊ မြန်မာ့ဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ (MDCF) အဖွဲ့ဝင် ကိုတင်မောင်ကြည်၊ လယ်သမားများဖြစ်ကြသည့် ဦးကောင်းထွန်းနှင့် ဦးမြင့်အောင်၊ ရွှေမိုင်းလုပ်သားများဖြစ်ကြသည့် ကိုမင်းဇော်ဦးနှင့် ကိုဘိုးဘိုးအောင် (ခ) ကိုဝင်းစိုး၊ ကရင်အမျိုးသား အစည်းအရုံး (KNU) အဖွဲ့ဝင် ကိုအောင်ကိုလတ်နှင့် ဖွဲ့စည်းပုံပြင်ရန် လတ်မှတ်ထိုး ပါဝင်ခဲ့သည့်အတွက် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည့် စစ်တပ်မှ ဗိုလ်မှူးကျော်စွာဝင်းတို့ အကျဉ်းထောင် အသီးသီးမှ ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရှိရပါသည်။

**ဆန္ဒပြသူ နှစ်ဦး ပြည်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်**

ဇူလိုင်လ ၃၀ ရက်နေ့တွင် ဆန္ဒပြသူနှစ်ဦးဖြစ်ကြသည့် ရှေ့နေ ဦးမြင့်အေးနှင့်၊ နိုင်ငံရေးလှုပ်ရှားသူ ကိုမျိုးသူထွဋ်တို့ ထောင်ဒဏ်များ ပြီးဆုံးသဖြင့် ပြည်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ၎င်းတို့နှစ်ဦးသည် ၁၉၆၂ ခုနှစ်တွင် ဖြိုချဖျက်ဆီးခံလိုက်ရသည့် ကျောင်းသားသမဂ္ဂ အဆောက်အဦအား ပြန်လည်တည်ဆောက်ပေးပါရန် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ထောင်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် ဦးမြင့်အေးသည် ပုဒ်မ ၁၈၊ ၂ ကြိမ်ဖြင့် ဆက်လက်တရားရင်ဆိုင်နေရကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**မြေယာအရေး တက်ကြွလှုပ်ရှားသူ ၂ ဦး လွတ်မြောက်**

မြေယာအရေး တက်ကြွလှုပ်ရှားသူ ကိုကျော်နိုင်နှင့် ကိုဖိုးလပြည့်တို့ ၂ ဦးသည် မိတ္ထီလာအကျဉ်းထောင်မှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ၎င်းတို့ ၂ ဦးသည်၊ မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်ရှိ မြေယာအရေးနှင့်စပ်လျဉ်း၍ ဖမ်းဆီးခံခဲ့ရပြီးနောက် ရာဇသတ်ကြီးပုဒ်မ ၄၄၇ ကျူးကျော်မှုဖြင့် မေလ ၂၆ ရက်နေ့တွင် ထောင်ဒဏ် ၂ လ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

**တရားရင်ဆိုင်နေရသည့် ကျောင်းသား ၁၄ ဦး အာမခံဖြင့် လွတ်မြောက်**

လက်ပံတန်းမြို့တွင် ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ခဲ့သည့်အတွက် သာယာဝတီအကျဉ်းထောင်အတွင်း တရားရင်ဆိုင်နေရသည့် ဖမ်းဆီးခံကျောင်းသား ၁၁ ဦးတို့အား ဇူလိုင်လ ၇ ရက်နေ့တွင် သာယာဝတီခရိုင် တရားရုံးမှ အာမခံပေးလိုက်ကြောင်း သိရှိရပါသည်။ ဖမ်းဆီးခံကျောင်းသားများ ဖြစ်ကြသည့် ကိုသန်းဆွေ၊ ကိုဝေယံမင်းလွင်၊ ကိုရဲဝင့်အောင်၊ ကိုရဲဝင့်အောင် ခေါ် ကိုရွှေကြယ်မိုး၊ ကိုမင်းချစ်သူ၊ ကိုမင်းသူရှိန်၊ ကိုမြတ်မင်းမော်၊ ကိုကျော်ဇောခန့်၊ ကိုတင်ဦး၊ ကိုသက်ထွန်းပိုင်နှင့် မသန်းအေးတို့ ၁၁ ဦးအား ဇူလိုင်လ ၇ ရက်နေ့ တရားရုံးချိန်းတွင် အာမခံဖြင့်လွှတ်ပေးရန် တရားသူကြီးမှ ဆုံးဖြတ်ခဲ့ပြီး၊ ၎င်းတို့အားလုံးသည် ဇူလိုင်လ ၁၄ ရက်နေ့တွင် အာမခံဖြင့် လွတ်လာခဲ့ကြောင်း သိရှိရပါသည်။

အာမခံဖြင့် လွတ်မြောက်လာသူများသည် ၂ ဦးထက်မပိုသည့် အာမခံပေးမည့်သူများနှင့် သိန်း တစ်ရာကျော်တန်ဖိုးရှိသည့် အာမခံအား ပြသခဲ့ရပါသည်။ ထို ၁၁ ဦးတို့အပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသည့် ကိုတင်ဝင်းသည်လည်း ထိုနေ့တွင် အာမခံဖြင့် ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ နောက်ထပ် ဖမ်းဆီးခံ ကျောင်းသား ၂ ဦးဖြစ်သူ ကိုမင်းမင်းစိုးနှင့် ကိုခင်လှိုင်တို့သည်လည်း ဇူလိုင်လ ၂၁ ရက်နေ့တွင် အာမခံဖြင့် ပြန်လည်လွတ်မြောက်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**ရခိုင်စစ်တပ်နှင့်အဆက်အသွယ်မရှိကြောင်း သိရှိပြီးနောက် ရခိုင်လူမျိုး ၈ ဦး အချုပ်မှ လွတ်မြောက်**

ရခိုင်စစ်တပ် (AA) နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိပြီး ဖမ်းဆီးခံခဲ့ရသည့် ရခိုင်လူမျိုး ၈ ဦးတို့သည့် ရခိုင်စစ်တပ်နှင အဆက်အသွယ်မရှိကြောင်း ရဲများမှ သိရှိပြီးနောက် ကျောက်တော်မြို့နယ် ရဲစခန်းအချုပ်မှ ဇူလိုင်လ ၂ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ (AA) နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိပြီး အမှန်တစ်ကယ် အဆက်အသွယ်မရှိသည့်အတွက် ရခိုင်လူမျိုး ၈ ဦးအား ပြီးခဲ့သည့်လတွင် ဦးစွာလွတ်ပေးခဲ့ပြီးနောက် ယခု ၈ ဦးတို့သည် ဇူလိုင်လတွင် ပြန်လည် လွတ်မြောက်လာခြင်းဖြစ်သည်။ (AA) နှင့်အဆက်အသွယ်ရှိသည်ဟု သံသယရှိသည့် နောက်ထပ် ရခိုင်လူမျိုး ၁၆ ဦးတို့သည် အကျဉ်းထောင်အတွင်း ဆက်လက်ထိန်းသိမ်းခံနေရဆဲဖြစ်ပြီး၊ လွတ်မြောက်လာသူများထဲမှ ကိုလှရွှေ၏ပြောကြားချက်အရ ဖမ်းဆီးခံနေရဆဲ ၁၆ ဦးထဲမှ အချို့သည် ဒဏ်ရာများ ရရှိနေပြီး ကျန်းမာရေး ဆိုးရွားနေကြောင်းလည်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ ဧရာဝတီ*

# ထောင်တွင်းအခြေအနေများ

## နိုင်ငံရေး အကျဉ်းသား စိတ်ဒဏ်ရာရသည့် လက္ခဏာများပြ

မြန်မာဒီမိုကရေစီ စဉ်ဆက်မပြတ်လှုပ်ရှားမှုအဖွဲ့ (MDCF) ၏ ခေါင်းဆောင် ကိုထင်ကျော် စိတ်ဒဏ်ရာ ရရှိနေသည့်လက္ခဏာများ ပြသနေကြောင်း ကိုထင်ကျော်၏ဇနီးသည် ပြောပြချက်အရ သိရှိရပါသည်။ တစ်ကိုယ်တော်ဆန္ဒပြစဉ်အတွင်း ပြည်သူလူထုကို အထိတ်တလန့်ဖြစ်အောင် လုပ်ဆောင်ကြောင်း ပြစ်မှုထင်ရှားသည့် အတွက်ဟု ဆိုကာ ကိုထင်ကျော်အား ၂၀၁၄ ခုနှစ် တွင် တရားရုံး ၁၂ ခုမှ ထောင်ဒဏ်များ ချမှတ်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ကိုထင်ကျော်သည် ထောင်ဒဏ်စုစုပေါင်း ၁၃ နှစ်နှင့် ၄ လ ချမှတ်ခံထားရသည်။ ထို့အပြင် ကိုထင်ကျော်မှ သူ့အားထောင်ဒဏ် ချမှတ်ခြင်းသည် စီစဉ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆကာ အကျဉ်းထောင်အတွင်း မှတ်ဆိတ်ရိတ်ရန်နှင့် ဆံပင်ညှပ်ရန် ငြင်းဆန်ခဲ့ပါသည်။ ထိုသို့စီစဉ်ခြင်းသည် ပြည်ထဲရေး ဝန်ကြီးဌာနမှ တိုက်ရိုက်ညွှန်ကြား လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကိုထင်ကျော်မှ ပြောကြားလိုက်ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## ဖမ်းဆီးခံကျောင်းသားများ၏ မိဘများမှ ကျန်းမာရေးမကောင်းသည့် ဖမ်းဆီးခံနေရသူများအတွက် ပြင်ပဆရာဝန်များနှင့် ကုသမှုပေးရန် တောင်းဆို

အမျိုးသားပညာရေးဥပဒေအား ဆန့်ကျင်ဆန္ဒပြပွဲ ပါဝင်သည့်အတွက် ဖမ်းဆီးခံနေရသည့် ကျောင်းသားနှင့် ထောက်ခံသူများထဲမှ ၃၆ ဦးတို့သည့် ကျန်းမာရေးမကောင်းသောကြောင့် ပြင်ပဆရာဝန်များနှင့် ကုသပေးပါရန် ဖမ်းဆီးခံကျောင်းသားများ၏ မိဘများမှ ဇူလိုင်လ ၁၄ ရက်နေ့တွင် အာဏာပိုင်တို့အား စာတင်ပြီးတောင်းဆိုခဲ့ပါသည်။ ဆန္ဒပြပွဲအား ဖြိုခွဲဖမ်းဆီးစဉ်အတွင်း ရဲများ၏ရိုက်နှက်မှုကြောင့် ကျောင်းသားများသည် ဗိုက်အောင့်ခြင်း၊ အစာအိမ်နာခြင်း၊ အာရုံကြောများ မကောင်းခြင်းနှင့် အော့အန်ခြင်းများ အပါအဝင် ရောဂါဝေဒနာများ ခံစားနေရကြောင်း မိဘများ၏ ပြောဆိုမှုအရ သိရှိရပါသည်။ ဖမ်းဆီးခံ ကျောင်းသားတစ်ဦးဖြစ်သူ ကိုမင်းသွေးသစ်၏ဖခင်မှ"အကယ်၍ ကျွန်တော်တို့တင်ထားတာကို တရားသူကြီးက လက်ခံမယ်ဆိုရင် နာရေးကူညီမှုအသင်း ဥက္ကဌ ဦးကျော်သူကိုယ်တိုင် အသင်းက အထူးကုဆရာတွေနဲ့ ထောင်တွေကို လာပြီး ကုပေးပါလိမ့်မယ်" ဟုပြောကြောင်းလဲ သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ ဧရာဝတီ*

## ဆေးရုံတွင် ဆေးကုသမှုခံနေစဉ်အတွင်း မတရားသဖြင့် ပြုမှုခံရသည့်အတွက် နိုင်ငံရေးအကျဉ်းသား တစ်ဦး အစာငတ်ခံဆန္ဒပြရန် စီစဉ်

လယ်သမားများ မြေယာသိမ်းဆည်းခံရသည်ကို ကူညီခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖမ်းဆီးခံခဲ့ရသူ ကိုသန့်ဇင်ထက်သည် ဖမ်းဆီးခံနေရသည့်အချိန်အတွင်း နလုံးရောဂါ၊ အစာအိမ်ရောဂါများ ခံစားနေရပြီး၊ ယခုလတွင် ဝမ်းသွားသည့် ဝေဒနာလည်း ခံစားနေရပါသည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် အထက်ပါရောဂါများ ခံစားနေရသည့်အတွက်၊ ပဲခူးတိုင်း၊ သဲကုန်းမြို့ရှိ ပြည်သူ့ဆေးရုံတွင် တက်ရောက် ကုသနေရပြီး၊ ဆေးကုသနေစဉ်အတွင်း ခြေထောက်များနှင့် လက်များအား သံကြိုးဖြင့်ချည်ကာ ကုတင်တိုင်ဖြင့် ပူးတွဲချည်နှောင်ခံခဲ့ရကြောင်း ကိုသန့်ဇင်ထက်မှ ပြောကြားခဲ့ပါသည်။ ဇူလိုင်လ ၉ ရက်နေ့တွင် သဲကုန်းမြို့ ရဲချုပ်မှ ဆေးရုံသို့ရောက်ရှိလာပြီး ကိုသန့်ဇင်ထက်အား ချည်နှောင်ထားသည့် သံကြိုးများကို တင်းကျပ်စွာချည်နှောင်ထားရန်၊ ခြေများ လက်များ ကွေးမရအောင် ချည်နှောင်ထားရန် အမိန့်ပေးခဲ့သည့်အတွက် ကိုသန့်ဇင်ထက်မှ မကျေမနပ်ဖြစ်ကာ "ကျနော့်ကို အဲ့လိုလုပ်တာ မကျေနပ်လို့ ၃ ရက်အတွင်း ရဲချုပ်အနေနဲ့ ကျနော်ကို တောင်းပန်ဖို့ တောင်းဆိုထားပါတယ်၊ အကယ်၍ သူမတောင်းပန်ရင် ကျနော် သေတဲ့အထိ အစာငတ်ခံ ဆန္ဒပြသွားမည်ဟု" ကိုသန့်ဇင်ထက်မှ ပြောကြားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့၊ ဧရာဝတီ*

## နိုင်ငံရေးအကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်မှုရှိစေရန် ထောင်ဆရာဝန်ဟောင်း တစ်ဦးမှ တောင်းဆို

မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်းရှိ အကျဉ်းသားများ၊ အထူးသဖြင့် အမျိုးသမီး အကျဉ်းသူများအပေါ် သင့်တော်သော ကျန်းမာရေး စောင့်ရှောက်မှုများ မရှိကြောင်း ယခင်အကျဉ်းထောင် ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာတင့်ဆွေမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထုတ်ဖော်ပြောကြားလိုက်ပါသည်။ ဒေါက်တာတင့်ဆွေမှ ပြစ်ဒဏ်ကျူးလွန်ပြီး ပြစ်ဒဏ်ခံရခြင်းမရှိသည့် ထောင်ဝန်ထမ်းများနှင့်ရဲများမှ အကျဉ်းသားများအပေါ် ကျူးလွန်ခဲ့သည့် ရိုက်နှက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြားနှိပ်စက်မှုများအားလည်း ပြောကြားခဲ့ပြီး ထိုကဲ့သို့ နှိပ်စက်ခြင်းများကြောင့် ၎င်းအကျဉ်းထောင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း စိတ်ဒဏ်ရာ ရရှိမှုနှင့်စပ်လျဉ်းသည့် စိတ်ဖိစီးမှု post-traumatic stress disorder (PTSD) ရောဂါဝေဒနာများကို ခံစားနေသည့် လူနာများစွာအား ကုသပေးခဲ့ရကြောင်း ပြောကြားခဲ့ပါသည်။ "ထောင်တွေက ငရဲပြည်လိုပါပဲလို့ အကျယ်ချဲ့ပြောတာမဟုတ်ပါဘူး" ဟု ဒေါက်တာတင့်ဆွေမှ ပြောကြားခဲ့သလို "နိုင်ငံရေးအကျဉ်းသားတွေရဲ့ ကျန်းမာရေး အခြေအနေကတော့ အရေးပေါ်အခြေအနေမှာ ရှိနေပါတယ်" ဟု ဖြည့်စွက်ပြောကြားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## နိုင်ငံရေးလှုပ်ရှားသူ ကျောင်းသား ၇ ဦး တိုက်ပိတ်ခံရ

လက်ပံတန်းမြို့တွင်ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ခဲ့သည့်အတွက် ဖမ်းဆီးခံရသော နိုင်ငံရေးလှုပ်ရှားသူ ကျောင်းသား ၇ ဦးဖြစ်ကြသည့် ကိုသန်းထိုက်၊ ကိုအောင်မြင့်ဟန်၊ ကိုကျော်ဇောလင်း၊ ကိုခန့်အောင်၊ ကိုဟိန်းဇော်ဝင်း၊ ကိုရန်နိုင်စိုးနှင့် ကိုကျော်ကျော်ထွန်းတို့ ၇ ဦးသည် အကျဉ်းထောင်အတွင်းသို့ တားမြစ်ထားသည့် ဆေးလိပ်များ၊ ကွမ်းယာများကို သွင်းခဲ့သည့်အတွက် ဇွန်လ ၃၀ ရက်မှ စပြီး ဇူလိုင်လ ၁၃ ရက်အထိ တိုက်ပိတ်ခံခဲ့ရပါသည်။

ထို့အပြင် ၎င်းတို့ ၇ ဦးသည် တားမြစ်ထားသည့်ပစ္စည်းများ ထောင်တွင်းသို့ ယူဆောင်မှု ပုဒ်မ ၄၂ ဖြင့် ဇူလိုင်လ ၁၆ ရက်နေ့တွင်လည်း ထောင်တွင်းထပ်မံ တရားစွဲဆိုခံခဲ့ရပြီး အကယ်၍ ထိုပြစ်ဒဏ်ဖြင့် ပြစ်မှုထင်ရှားပါက ငွေဒဏ် ၂၀၀ ကျပ် သို့မဟုတ် ထောင်ဒဏ် ၆ လ ချမှတ်ခံရမည်ဖြစ်ကြောင်း ၎င်းတို့၏ရှေ့နေ ဦးလှမျိုးမြင့်မှ ပြောကြားခဲ့ပါသည်။

[၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)](#)
[၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ](#)

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## ငြိမ်းချမ်းစွာ ဆန္ဒပြမှုကြောင့် နိုင်ငံရေးလှုပ်ရှားသူ ၅ ဦး ဒဏ်ငွေချမှတ်ခံရ

တောင်ဥက္ကလာပမြို့နယ်တွင် ပြည်သူပိုင် အားကစားကွင်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ သိမ်းယူခဲ့ပြီး တိုက်ခန်းအဆောက်အဦး ဆောက်လုပ်မည်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆန့်ကျင်ရှုံ့တက်ဆန္ဒပြခဲ့သည့်အတွက် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးအပါ အဝင် တက်ကြွလှုပ်ရှားသူ ၅ ဦးတို့သည် ပုဒ်မ ၁၉ ဖြင့် တရားစွဲ ဆိုခံခဲ့ရပြီး၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ထောင်ဒဏ် ၂၁ ရက် သို့မဟုတ် ငွေဒဏ် ၁၀၀၀၀ ကျပ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါသည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ဦးကိုကိုကြီးသည် ထောင်ဒဏ်ကိုသာ ကျခံမည်ဖြစ်ကြောင်း ကြေညာခဲ့သော်လည်း အမည်မသိ ထောက်ခံသူ တစ်ဦးမှ တရားရုံးတွင် ၎င်းတို့ ၅ ဦးကိုယ်စား ဒဏ်ငွေများ ပေးဆောင်ခဲ့ကြောင်း သိရှိရပါသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဦးကိုကိုကြီးသည် လာမည့် နိုဝင်ဘာလ ရွေးကောက်ပွဲအတွင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှနေ၍ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး၊ ၎င်းတို့၏ရှေ့နေ ဦးရောဘတ်ဆန်းအောင်၏ ပြောကြားချက်အရ အမည်မသိထောက်ခံသူ တစ်ဦးမှ ဒဏ်ငွေများ ဆောင်သွားသည့်အတွက် လာမည့်ရွေးကောက်ပွဲ တွင် ဦးကိုကိုကြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်မည် ဖြစ်ကြောင်း သိရှိရပါ သည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

## သတင်းဂျာနယ်သမား ၉ ဦးအား အသေရေဖျက်မှုဖြင့် အပြစ်မရှိကြောင်း ဆုံးဖြတ်၊ ၂ ဦးအား ဒဏ်ငွေများ ချမှတ်

မြန်မာသံတော်ဆင့်ဂျာနယ်မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံရေးသုတေသီ ဦးမျိုးရန်နောင်သိန်းနှင့် တွေ့ဆုံမေးမြန်းခန်းသတင်းတွင် ဦးမျိုးရန်နောင်သိန်းမှ သမ္မတအား ပြစ်တင်ဝေဖန်ထားသည်ကို ထည့်သွင်းရေးသားထုတ်ပြန် ခဲ့သည့်အတွက် သတင်းနှင့်ပြန်ကြားရေး ဝန်ကြီးဌာနမှ မြန်မာသံတော်ဆင့် ဝန်ထမ်းများအား သတင်းမီဒီယာအက်ဥပဒေ ပုဒ်မ ၂၅ (ခ) ဖြင့် တရားစွဲဆိုခဲ့ပါသည်။ ဇူလိုင်လ ၂၁ ရက်နေ့တွင်၊ ဂျာနယ်မှ သတင်းထောက် ၉ ဦးတို့အား နေပြည်တော်တရားရုံးမှ အသေရေဖျက်မှုဖြင့် အပြစ်မရှိကြောင်း ဆုံးဖြတ်ခဲ့သော်လည်း အယ်ဒီတာ ၂ ဦးဖြစ်သူ မြန်မာသံတော်ဆင့်ဂျာနယ်၏ အယ်ဒီတာချုပ်ဟောင်း ဦးကျော်စွာဝင်းနှင့် ဒုတိယအယ်ဒီတာချုပ် ဦးဝင်းကိုကိုဦးတို့အား သမ္မတအား အသရေဖျက်အောင် လုပ်ဆောင်ခဲ့သည်၊ အပြစ်ရှိသည်ဟု တရားရုံးမှ ဆုံးဖြတ်ခဲ့ပြီး ထောင်ဒဏ် ၆ လ သို့မဟုတ် ငွေဒဏ် ၁၀ သိန်းကျပ်စီ ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း သိရှိရပါသည်။ ပြစ်ဒဏ်ချမှတ်ခံရသူ ၂ ဦးမှ ဒဏ်ငွေများပေးဆောင်ခဲ့ပြီး၊ အယူခံဝင်ရန် စီစဉ်ဆောင်ရွက်နေကြပါသည်။ မြန်မာသံတော်ဆင့်ဂျာနယ်၏ လက်ရှိအယ်ဒီတာချုပ် ဦးအောင်ကျော်မင်းမှ "သူတို့ မြန်မာနိုင်ငံကို ဒီမိုကရေစီ နိုင်ငံတော်ဖြစ်စေချင်ရင် သတင်းမီဒီယာလောကကို ဖိနှိပ်ကန့်သတ်မှုတွေ မရှိသင့်ဘူး" ဟု အာဏာပိုင်များအား ဝေဖန်ပြောကြားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## ကျောင်းသားများ ဆန္ဒပြပွဲအား အကြမ်းဖက်နှိမ်နင်းခဲ့သည့် နှစ်ပတ်လည်နေ့ အခန်းအနားကို စီစဉ်ကျင်းပခဲ့သည့်အတွက် ကျောင်းသား ၆ ဦး တရားစွဲခံရ

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ကျောင်းသားဆန္ဒပြပွဲ အကြမ်းဖက်နှိမ်နင်းခံခဲ့ရပြီး ကျောင်းသား ၁၀၀ ခန့်သေဆုံးခဲ့ပါသည်။ ထိုနေ့၏အောက်မေ့ဖွယ် အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် စီစဉ်ကျင်းပခဲ့ပြီးနောက် ကျောင်းသား ၆ ဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံခဲ့ရပါသည်။ အောက်မေ့ဖွယ် အခမ်းအနားအား မုံရွာတက္ကသိုလ်အရှေ့နှင့် မုံရွာမြို့နည်းပညာတက္ကသိုလ် အရှေ့တို့တွင် ဇူလိုင်လ ၇ ရက်နေ့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ မုံရွာနည်းပညာ တက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်သူ ကိုဝေမိုးနိုင်မှ "ကျနော်နဲ့ နောက်မိန်းခလေး ကျောင်းသူတစ်ဦးက နေရာ ၂ နေရာမှာ အခမ်းအနားကို စီစဉ်ကျင်းပခဲ့တဲ့အတွက် ပုဒ်မ ၁၈ နှစ်ကြိမ်နဲ့ တရားစွဲဆိုခံရပြီး နောက်ကျောင်းသား ၆ ယောက်ကတော့ ပုဒ်မ ၁၈ တစ်ကြိမ်စီနဲ့ တရားစွဲဆိုခံရပါတယ်" ဟု ပြောကြားခဲ့ပါသည်။ မုံရွာမြို့နယ် အမှတ် (၁) ရဲစခန်းမှလည်း ကျောင်းသား ၆ ဦးအား ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုကြောင်း အတည်ပြုပြောကြားလိုက်ပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ဆန္ဒပြကျောင်းသား ၅ ဦး ပြစ်ဒဏ် ချမှတ်ခံရ

ဆန္ဒပြကျောင်းသား ၅ ဦး ဖြစ်သူ ကိုမင်းလွင်ဦး၊ ကိုဇင်မောင်ဖြိုး၊ ကိုဇော်လွင်အောင်၊ မယုဝါလွင်နှင့် ကိုသူရနိုင်တို့အား ထားဝယ်မြို့နယ်တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင်၊ ထောင်ဒဏ် ၁ လ သို့မဟုတ် ငွေဒဏ် ၃၀၀၀၀ ကျပ် ပြစ်ဒဏ်ချမှတ်လိုက်ပါသည်။ လက်ပံတန်းမြို့တွင် ပြုလုပ်ခဲ့သည့် ကျောင်းသားများ ဆန္ဒပြပွဲအား ဖြိုခွင်းနှိမ်နင်းပြီးနောက်၊ ထိုကျောင်းသားများမှ မတ်လ ၂၇ ရက်နေ့တွင် ခွင့်ပြုချက်မရရှိပဲ ဆန္ဒပြပွဲ စီစဉ်ကျင်းပခဲ့သောကြောင့် ၎င်းတို့ ၅ ဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ်ချမှတ်ခံရသော ကျောင်းသား ၅ ဦးတို့မှ ဒဏ်ငွေများ ပေးဆောင်ခဲ့ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

# မြေယာသိမ်းဆည်းမှုများ

### ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ကရင်ပါတီခေါင်းဆောင်နှင့် လယ်သမား ၁၇ ဦးတို့၏အမှုအား ပိတ်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဒုအရာခံဗိုလ်မြင့်ဆောင်မှ ကရင်ပြည်သူ့ပါတီ ဥက္ကဌ ဦးမန်းအုန်းမြင့်သိန်းနှင့် ၁၉၉၄ ခုနှစ်တွင် စစ်တပ်မှ သိမ်းဆည်းခဲ့သည့် ရေတွင်းကုန်းနှင့် အဘောကျေးရွာ ရှိ မြေများပေါ်တွင် ပြန်လည်ထွန်ယက်စိုက်ပျိုးရန် ကြိုးစားခဲ့ကြသည့် လယ်သမား ၁၇ ဦးတို့၏ အမှုအား ပိတ်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်တွင် လယ်သမားများသည် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၄၇ ကျူးကျော်မှုဖြင့် တရားစွဲဆိုခံခဲ့ ရခြင်းဖြစ်သည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

### မြေသိမ်းမှုအား ပန်းတနော်လယ်သမားများမှ ဆန့်ကျင်ဆန္ဒပြ

၁၉၉၉-၂၀၀၀ ခုနှစ်အတွင်း စစ်တပ်ကျောထောက်နောက်ခံ ဖိုးလမင်းကုမ္ပဏီမှ သိမ်းဆည်းထားသည့် လယ်မြေဧက ၁၀၀၀ ကျော်အား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ရန် ပန်းတနော်မြို့နယ် လယ်သမားများမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ဒေသခံရဲများ၏ တရားဝင်ခွင့်ပြုချက်ဖြင့် တောင်းဆိုဆန္ဒပြခဲ့ကြပါသည်။ လယ်သမားများမှ ၎င်းတို့ပိုင်မြေများမှ မရွှေ့ပြောင်းမီနှင့် ရွှေ့ပြောင်းပြီးနောက် ၎င်းတို့အနေဖြင့် ကုမ္ပဏီထံမှ လျော်ကြေးများ မရရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် သမ္မတဦးသိန်းစိန် အာဏာလွှဲပြောင်းယူခဲ့သည့်အချိန်မှ စတင်ပြီး၊ ၎င်းတို့မြေများ ပြန်လည်ရရှိရန် တောင်းဆိုခဲ့သော်လည်း ၎င်းတို့၏ တောင်းဆိုမှုများအား အကြိမ်ကြိမ် လျစ်လျူရှုထားကြောင်း ပြောကြားခဲ့ပါသည်။ ဆန္ဒပြမြေပိုင်ရှင်လယ်သမားများမှ ဖိုးလမင်းကုမ္ပဏီ ဒေသမှ ထွက်ခွာရန်၊ သိမ်းဆည်းထားသည့်လယ်မြေများပေါ်တွင် ငါးမွေးမြူရေး လုပ်ငန်းများ ရပ်တန့်ရန်တို့အပါအဝင် တောင်းဆိုချက်များ တောင်းဆိုခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ခိုက်ရန်ဖြစ်ပွားပြီးနောက် မန္တလေးရွှေမိုင်း မြေယာအငြင်းပွားမှုပြဿနာအတွင်း ပါဝင်ခဲ့သည့် ရွာသားများမှ ရဲများအား တရားစွဲရန် စီစဉ်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင်၊ မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်ရှိ ရေထွက်ကျေးရွာတွင် ဒေသခံပြည်သူများနှင့် ရဲများကြား ခိုက်ရန်ဖြစ်ပွားခဲ့ပြီးနောက် ဒေသခံတစ်ဦး သေနတ်ထိမှန်ခဲ့ပြီး၊ အခြားဒေသခံများလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။ ဒေသခံများ၏အဆိုအရ ၎င်းတို့ရွာပိုင်မြေပေါ်တွင် မြန်မာစည်သူကုမ္ပဏီမှ ရွှေတူးဖော်ရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့သည့် ယခုနှစ်အစောပိုင်းမှအစပြု၍ ထိုခိုက်ရန်ဖြစ်ပွားမှု ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ရွာလူကြီး၏ပြောကြားချက်အရ မြန်မာစည်သူကုမ္ပဏီ လုံခြုံရေးဝန်ထမ်းမှ ရွာလူငယ်တစ်ဦးဖြစ်သူ ပြားချွန်းအား ကြောင်းကျိုးဆီလျော်မှု မရှိပဲ ဖမ်းဆီးခဲ့ရမှာ ထိုပြဿနာ စခဲ့ကြောင်း၊ ရွာသားများမှ ထိုလူငယ်အား လွှတ်ပေးရန်တောင်းဆိုသည့်အခါ ရဲများမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသည်။ ဒူးခေါင်းတွင် သေနတ်ဒဏ်ရာ ရခဲ့သည့် ရွာသားတစ်ဦးဖြစ်သူ ကိုချစ်ခဲသည်လည်း မန္တလေးဆေးရုံတွင် ခွဲစိတ်ရန်အတွက် စောင့်ဆိုင်းနေရကြောင်းနှင့် ကုမ္ပဏီ လုံခြုံရေးအရာရှိမှ ရွာသားများအား ခြိမ်းခြောက်မှု ပြုခဲ့ကြောင်း ရဲများနှင့် အာဏာပိုင်များအား အကြောင်းခဲ့သော်လည်း ယခုအချိန်အထိ အရေးယူမှုမရှိကြောင်း ရွာသားများမှ ပြောကြားခဲ့ပါသည်။ ရွာမှ ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးမေလွင်မှ "ဒါကြောင့် ရွာသားတွေကို ကာကွယ်ဖို့ ပျက်ကွက်ခဲ့တဲ့၊ ကာကွယ်ရမဲ့အစား ကျနော်တို့တွေကို အန္တရာယ် ပြုခဲ့တဲ့ သေနတ်နဲ့ ပစ်ခတ်ခဲ့တဲ့ ရဲတွေနဲ့ အာဏာပိုင်တွေကို ပြန်ပြီး တရားစွဲဖို့ စီစဉ်နေပါတယ်" ဟုပြောကြားခဲ့ပါသည်။ "အစကတည်းကသာ ကျနော်တို့တွေရဲ့ တောင်းဆိုမှုတွေကို လျစ်လျူမရှုခဲ့ရင် ဒီလိုခိုက်ရန်ဖြစ်ပွားမှုတွေလည်း ဖြစ်ခဲ့မှာမဟုတ်ဘူး" ဟု ပြောကြားခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

### ဒေသခံများနှင့် လက်ပန်းတောင်း ကော့ပါးမိုင်း ကုမ္ပဏီတို့အကြား နောက်ထပ် တိုက်ခိုက်မှုများဖြစ်

တောင်သူ ၃၀ ခန့်ပိုင်ဆိုင်သည့် မြေဧက ၇၀၀ ကျော်ပေါ်တွင် ဝမ်ပေါင်ကုမ္ပဏီမှ ခြံလာခတ်ပြီးနောက် မိုးကြိုးပြင်အလယ်နှင့် ဆည်တည်းရွာများမှ ဒေသခံများနှင့် ရဲများအကြား ဇူလိုင်လ ၅ ရက်နေ့တွင် ခိုက်ရန်ဖြစ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အငြင်းပွားနေသည့် မြေသည် ဝမ်ပေါင်ကုမ္ပဏီမှ ကော့ပါး တူးဖော်လုပ်ဆောင်နေသည့် လက်ပန်းတောင်းကော့ပါးမိုင်း နယ်မြေအတွင်း တည်ရှိနေပြီး ထိုခိုက်ရန်ဖြစ်ပွားမှုအတွင်း ရွာသားတော်တော်များလည်း ဒဏ်ရာရရှိကြောင်း သိရှိရပါသည်။ ဆည်တည်းရွာဒေသခံတစ်ဦးဖြစ်သူ ကိုရဲဝင်း၏ ပြောကြားချက်အရ ကုမ္ပဏီဝန်ထမ်းများမှ မြေအား ခြံလာခတ်စဉ် ရွာသားများမှ တားမြစ်ခဲ့ရာမှ နစ်ဖက်အကြားခိုက်ရန်ဖြစ်ပွားမှု ဖြစ်ခဲ့ကြောင်း သိရှိရပြီး၊ "ကုမ္ပဏီဝန်ထမ်းတွေက ဒေသခံတွေကို လောက်လေးခွတွေနဲ့ စပစ်တော့ ရွာသားအချို့ နဖူးတွေ၊ မျက်ခုံးတွေနဲ့ နှုတ်ခမ်းတွေပေါ်မှာ ဒဏ်ရာတွေ ရကုန်တယ်၊ အချို့ရွာသားတွေလည်း သွားကျိုးကုန်တယ် ရွာသား ၃၀ လောက် ဒဏ်ရာရပြီး သူတို့တွေ ရင်ဘတ်တွေနဲ့ ကျောတွေ အောင့်နေကြတယ်" ဟု ကိုရဲဝင်းမှ ပြောကြားသွားခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

### မြေယာအရေးတက်ကြွလှုပ်ရှားသူ ဖားအံမြို့တွင် သေနတ်ပစ်ခံရ

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့၊ နံနက်အစောပိုင်းအချိန်တွင် မြေယာအရေး တက်ကြွလှုပ်ရှားသူခေါင်းဆောင် တစ်ဦးဖြစ်ပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒေသခံခေါင်းဆောင်တစ်ဦးဖြစ်သူ စောဂျော်နီအား အမည်မသိသေနတ်သမားတစ်ဦးမှ သေနတ်ဖြင့် ပစ်သတ်ထားကြောင်းနှင့် စောဂျော်နီသည် ၎င်း၏အိမ်အပြင်ဖက်တွင် သေဆုံးနေကြောင်း သိရှိရပါသည်။ စောဂျော်နီသည် လယ်သမားများ အခွင့်အရေးများနှင့် ဒေသအတွင်း မြေယာသိမ်း ကိစ္စတော်တော်များအတွက် ကူညီထောက်ပံ့ပေးခဲ့ခြင်းများကြောင့် လူသိများသည့် မြေယာအရေး တက်ကြွလှုပ်ရှားသူဖြစ်သည့်အပြင်၊ သမဝါယမ ဝန်ကြီးဌာနပိုင် မြေကွက်များအား ရောင်းချခဲ့သည့် မမှန်ကန်သည့် လုပ်ရပ်များအတွက် အစကနဦးတွင် ၎င်းမှ ဝေဖန်ပြောကြားခဲ့ကြောင်းလည်း သိရှိရပါသည်။ စောဂျော်နီ၏ စျာပနအခမ်းအနားအား ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**ဆန္ဒပြသူများအား ပုဒ်မ ၁၈ ပိုမိုအသုံးပြု၍ ဖမ်းဆီးခြင်းအပေါ် အမေရိကန်သံရုံးမှ ဝေဖန်**

"ငြိမ်းချမ်းစွာဆန္ဒပြသူများအား ပုဒ်မ ၁၈ ဖြင့် ဖမ်းဆီးခြင်းနှင့် ထောင်ဒဏ်များ အလွန်အကျွံ ချမှတ်ခြင်းအပေါ် အမေရိကန်နိုင်ငံအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း" ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ ဇူလိုင်လ ၁၅ ရက်နေ့တွင် သတင်းထုတ်ပြန်ကြေညာခဲ့ပါသည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ မှ ဆန္ဒပြသူများအနေဖြင့် လူစုလူဝေးမပြုလုပ်မီ အနည်းဆုံး ၅ ရက်အလိုတွင် ခွင့်ပြုမိန့် ရရှိရန်လိုအပ်ကြောင်း ညွှန်ကြားထားပြီး၊ ထိုသို့ကြိုတင်အကြောင်းမကြားပါက ထောင်ဒဏ် အမြင့်ဆုံး တစ်နှစ်အထိ ကျခံရနိုင်ကြောင်း ပြောကြားထားပါသည်။ "လာမည့်ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ ယုံကြည်စိတ်ချရမှုတို့ကို တိုင်းတာရန် ရွေးကောက်ပွဲအတွင်း လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်သည် (ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်များ) အဓိကအရေးကြီးသည့်အတွက်၊ လာမည့်လများတွင် ထိုဒီမိုကရေစီအခွင့်အရေးများကို အာဏာပိုင်များမှ ကာကွယ်ပေးပါရန် မိမိတို့မှ တောင်းဆိုလိုက်ရပါကြောင်း" အမေရိကန်သံရုံး၏သတင်းထုတ်ပြန်ချက်မှ ပြောကြားထားပါသည်။

*၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံရွေးကောက်ပွဲအား ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်ကြောင့် ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ မဲပေးနိုင်ရန်အတွက် ထိုနိုင်ငံရေး အကျဉ်သားများနှင့် တရားရင်ဆိုင်နေရသည့် တက်ကြွလှုပ်ရှားသူများအား ချက်ခြင်းလွှတ်ပေးမည့်ကိစ္စကို အစိုးရမှ ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့မှ လက်ရှိနိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် သမ္မတနှင့် လွှတ်တော်အမတ်များထံသို့ စာရေးပြီးတောင်းဆိုခဲ့ကြသည့်အပြင်၊ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း နိုင်ငံရေးအကျဉ်းသားအရေးကိစ္စအား ပြန်လည်အလေးထားလာပြီး၊ အထွေထွေရွေးကောက်ပွဲမတိုင်မီ မြန်မာ့နိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးရန်အတွက် တောင်းဆိုနေကြပါသည်။

ကြိုတင်သတင်းထုတ်ပြန်မှု မရှိသော်လည်း အကျဉ်းသား ၆၉၆၆ ဦးအားသမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဇူလိုင်လ ၃၀ ရက်နေ့တွင် အချိန်ကိုက်လွှတ်ပေးခဲ့ခြင်းနှင့် ထိုလွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်အား ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်အကဲခတ်သူများမှ အထူးတလည်ဖြစ်မနေကြတော့ပါ။ ထိုလွတ်ငြိမ်းသာခွင့်တွင် နိုင်ငံရေး အကျဉ်းသား ၁၃ ဦးသာပါရှိခြင်းသည် သိသာထင်ရှားနေပြီး၊ လွတ်လာသော နိုင်ငံရေးအကျဉ်းသား အားလုံးသည်လည်း ထောင်ဒဏ်နှစ်တိုကျခံနေရသူများနှင့် ထောင်ဒဏ် ကုန်ဆုံးကာနီးသူများ ဖြစ်နေပါသည်။ သို့သော်လည်းတရားမဝင် သစ်ခုတ်မှုဖြင့် လက်တစ်လောတွင် နှစ်ရှည်ထောင်ဒဏ်များချမှတ်ခံထားရသည့် တရုတ်သစ်ခိုးသမားစုစုပေါင်း ၁၅၅ ဦးသည် ထိုလွတ်ငြိမ်းချမ်းသာခွင့်ထဲတွင် ပါဝင် လွတ်မြောက်လာကြောင်းသိရှိရပါသည်။ နိုင်ငံနယ်နမိတ်ကျူးကျော်၍ သစ်ခိုးသူများအား ထောင်ဒဏ်တသက်တကျွန်းချမှတ်ပြီး ၈ ရက်အကြာတွင် တရားသေ လွှတ်ပေးလိုက်ခြင်းသည် နိုင်ငံတော်အနေဖြင့် လုံခြုံရေး စည်းပေါက်ခြင်းဖြစ်သလို နိုင်ငံတော်၏ အချုပ်အာဏာကို စော်ကားခံလိုက်ရခြင်းပင်ဖြစ်သည်။ လွတ်ငြိမ်းချမ်းသာခွင့်တွင် ထောင်ပေါင်းများစွာသော ရာဇဝတ်အကျဉ်းသားများပါဝင်ခြင်းနှင့် တရုတ်သစ်ခိုးသမားများအား အစိုးရမှ လွှတ်ပေးလိုက်ခြင်းသည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအတွက် လွန်စွာစိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်နေကြောင်းနှင့် ထိုနယ်ပယ်တွင် အလျင်အမြန် ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန်မှာ အထူးလိုအပ်နေကြောင်း ပြသလျက်လည်းရှိပါသည်။

ထို့အပြင် ရွေးကောက်ပွဲမတိုင်မီ အချိန်လေးလအောက်သာ ကျန်ရှိနေချိန်တွင် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်သည့်အတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား အစိုးရမှ ပိုမိုဖမ်းဆီးထောင်ချခြင်းများ ပြုလုပ်နေပါသည်။ အစိုးရမှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ကိုအလွန်အကျွံ အသုံးပြုပြီး ငြိမ်းချမ်းစွာဆန္ဒပြသူများအား ဖမ်းဆီးထောင်ချမှုများကြောင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ ယခုလတွင် ဝေဖန်စာထုတ်ပြန်သည်အထိပင် ဖြစ်စေခဲ့ပါသည်။ ထို့အပြင် နိုင်ငံရေးလှုပ်ရှားသူတော်တော်များအား ဥပဒေပုဒ်မများစွာအသုံးပြု၍ တရားစွဲဆိုခြင်းသို့မဟုတ် ပုဒ်မတစ်ခုတည်းအတွက် မြို့နယ်ပေါင်းများစွာမှ တရားစွဲဆိုခြင်းနည်းဖြင့် ထောင်ဒဏ်ချမှတ်ခံရပြီးသူများကို ၎င်းတို့ထောင်ဒဏ်များ ပိုမိုကြာရှည်ရန်အတွက် ယခုလတွင် နောက်ထပ်ထောင်ဒဏ်များ ချမှတ်ခဲ့ပါသည်။ ထိုနည်းလမ်းအသုံးပြု၍ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများအား ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန် ကာလတို့တွင် အကျဉ်းထောင်များအတွင်းဆက်လက် ဖမ်းဆီးထိန်းသိမ်းနိုင်ရန် လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အတူ မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သည့် ဒီမိုကရေစီအနာဂတ်တစ်ခု ဖြစ်ပေါ်လာရန်အတွက် လှုံ့ဆော်နေကြသည့် လူ့အခွင့်အရေး လှုပ်ရှားသူများနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေကြသည့် နိုင်ငံရေးလှုပ်ရှားသူများ ဖမ်းဆီးခံရခြင်း၊ တရားစွဲခံရခြင်းနှင့် ထောင်ဒဏ်များ ချမှတ်ခံနေရခြင်းတို့သည် မည်သို့မျှ လက်ခံနိုင်စရာမရှိပါ။ ထို့ကြောင့် နိုဝင်ဘာလရွေးကောက်ပွဲမတိုင်ခင်တွင် နိုင်ငံရေးအကျဉ်းသားများအားလုံးအား ချွင်းချက်မရှိလွှတ်ပေးရမည်ဖြစ်ပြီး၊ တရားရင်ဆိုင်နေရခြင်းများအားလုံးအား ရုပ်သိမ်းကာ၊ နိုင်ငံရေးနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ အားလုံးအပေါ် စွဲဆိုထားသည့်အမှု များအားလည်း လုံးဝပိတ်သိမ်းရန်မှာ အစိုးရမှ မဖြစ်မနေ လုပ်ဆောင်ပေး ရမည်ဖြစ်သည်။

**ဆက်သွယ်မေးမြန်းရန်**

တိတ်နိုင် အတွင်းရေးမှူး +၆၆(၀)၈၁ ၂၈၇၈ ၇၅၁

ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂၅၃ ၀၈၈ ၄၀

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)**

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

### ဇူလိုင်လ ၂ရက်
*တက်ကြွလှုပ်ရှားသူ ခုနစ်ဦး တိုက်ပိတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*တက်ကြွလှုပ်ရှားသူ တစ်ဦး ထောင်ဒဏ် နှစ်နှစ် ပြစ်ဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇူလိုင်လ ၃ရက်
*တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်ပေးရေး တောင်းဆိုသော ကျောင်းသားငါးဦး တရားစွဲဆိုခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*ရွေးကောက်ပွဲကျင်းပမည့် ရက်စွဲအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်ပေးရေး တောင်းဆိုသော ကျောင်းသားငါးဦး တရားစွဲဆိုခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

### ဇူလိုင်လ ၆ ရက်
*နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် လိုအပ်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇူလိုင်လ ၇ ရက်
*ရက္ခိုင့်တပ်မတော်နှင့် ဆက်နွယ်ခြင်းမရှိသည့်အတွက် ဖမ်းဆီးခံထားရသူ ရှစ်ဦးလွတ်မြောက်၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်ပေးရေး တောင်းဆိုသော ကျောင်းသားငါးဦး တရားစွဲဆိုခံရ၊ ရေဒီယိုဖရီးအာရှ (အင်္ဂလိပ်)*
*ကျောင်းသားဆယ့်တစ်ဦး အာမခံဖြင့် လွတ်မြောက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*လက်ပံတန်းတက်ကြွလှုပ်ရှားသူ ဆယ့်တစ်ဦးအတွက် အာမခံငွေသိန်းတစ်ရာသတ်မှတ်၊ ရေဒီယိုဖရီးအာရှ (အင်္ဂလိပ်)*

### ဇူလိုင်လ ၈ ရက်
*နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့မှ တောင်းဆို၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*ရွေးကောက်ပွဲကျင်းပမည့် ရက်စွဲအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာ၊ ရေဒီယိုဖရီးအာရှ (အင်္ဂလိပ်)*
*ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားများ နှစ်ပတ်လည်အခမ်းအနား ကျင်းပပြီးနောက် နှစ်ဦးဖမ်းဆီးခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇူလိုင်လ ၉ ရက်
*ဆန္ဒပြခြင်းကြောင့် တက်ကြွလှုပ်ရှားသူငါးဦး ပြစ်ဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇူလိုင်လ ၁၀ ရက်
*မန္တလေးတွင် ဆုတောင်းပွဲ ပြုလုပ်ခြင်းကြောင့် တက်ကြွ လှုပ်ရှားသူအမျိုးသမီးများ ပြစ်ဒဏ် ချမှတ် ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*တက်ကြွ လှုပ်ရှားသူများ ပြစ်ဒဏ် ထပ်မံချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဇူလိုင်လ၁၁ ရက်
*မြေယာသိမ်းဆည်းမှုကိုဆန့်ကျင်ရန် ပန်းတနော်လယ်သမားများစုရုံး၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇူလိုင်လ၁၄ရက်
*ထိန်းသိမ်းခံကျောင်းသားများ ပြင်ပဆရာဝန်နှင့် ပြသရန် ကျောင်းသားမိဘများတောင်းဆို၊ ရေဒီယိုဖရီးအာရှ*
*ကရင်ပါတီခေါင်းဆောင်နှင့် လယ်သမားဆယ့်ခုနစ်ဦး၏အမှုအား စစ်ဌာနချုပ်မှ ပိတ်ပေး၊ လွတ်လပ်တဲ့ အာရှအသံ*

### ဇူလိုင်လ ၁၅ ရက်
*မန္တလေးရွှေမိုင်း ပဋိပက္ခပြီးနောက် ရွာသားများမှ ရဲများအားတရားစွဲရန် စီစဉ်၊ ရေဒီယိုဖရီးအာရှ (အင်္ဂလိပ်)*
*တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအား ဆန္ဒပြသောကျောင်းသားများအမှု စတင်ရင်ဆိုင်၊ ရေဒီယိုဖရီးအာရှ (အင်္ဂလိပ်)*

### ဇူလိုင်လ ၁၆ ရက်
*ရှိုင်ဖယ်သေနတ်ဖြင့် ရိုက်ကူးထားသောဓါတ်ပုံ အင်တာနက်စာမျက်ပေါ်တွင် တင်ပြီးနောက် ဘာသာပေါင်းစုံတက်ကြွ လှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*တားမြစ်ပစ္စည်း ထောင်တွင်း သွင်းမှုကြောင့် ထိန်းသိမ်းခံကျောင်းသားများနှင့် ဂန်းရုံသူအချို့ ပြစ်ဒဏ်ပေးခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဇူလိုင်လ ၁၇ ရက်
*ဆန္ဒပြမှုများကိုဖမ်းဆီးခြင်းအပေါ် အမေရိကန်နိုင်ငံမှ ဝေဖန်ပြောဆို၊ မြန်မာတိုင်း (အင်္ဂလိပ်)*

### ဇူလိုင်လ ၂၁ ရက်
*သတင်းထောက် နှစ်ဦးအား နိုင်ငံတော်အကြည်အညိုပျက်စေမှုဖြင့် အပြစ်ရှိကြောင်းတရားရုံးမှ ဆုံးဖြတ်၊ လွတ်လက်တဲ့ အာရှအသံ (အင်္ဂလိပ်)*

### ဇူလိုင်လ ၂၂ ရက်
*ဥပဒေနှင့်ဆန့်ကျင်ပြီး ဆန္ဒပြသောကြောင့် NLD ကိုယ်စားလှယ်လောင်း ဦးကိုကိုကြီး ပြစ်ဒဏ်ချမှတ်ခံရ၊ ရေဒီယိုဖရီးအာရှ (အင်္ဂလိပ်)*
*သမ္မတအား စော်ကားခြင်းကြောင့်ဟုဆိုကာ မြန်မာသံတော်ဆင့် ဂျာနယ် အယ်ဒီတာများ ဒဏ်ငွေရိုက် ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ် သတ်မှတ်ချက်အား လွှတ်တော် ကိုယ်စားလှယ်များဆွေးနွေး၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇူလိုင်လ၂၃ ရက်
*ဂါရင့်တက်ကြွလှုပ်ရှားသူ ထောင်တွင်းအခြေအနေကြောင့် စိတ်ဒဏ်ရာ ရရှိ၊ဒီဗွီဘီ (အင်္ဂလိပ်)*

### ဇူလိုင်လ ၂၄ ရက်
*ပိုင်နက် ကျူးလွန်မှုဖြင့် တက်ကြွလှုပ်ရှားသူ မစုစုနွေး ဖမ်းဆီးခံရ၊ ရေဒီယိုဖရီးအာရှ (အင်္ဂလိပ်)*
*ဆန္ဒပြပွဲဗွီဒီယိုခွေ လက်ဝယ်ထားရှိသော တက်ကြွ လှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ၊ လွတ်လပ်တဲ့ အာရှအသံ*

### ဇူလိုင်လ ၃၁ ရက်
*တက်ကြွလှုပ်ရှားသူ ကျောင်းသူမပိုပိုအာမခံဖြင့် လွတ်မြောက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*